# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

**NEWSLETTER VOLUME NO. 22**

**DATED: 3rd Oct 2023**

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး၊ |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်၊ |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၊ |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အာဆီယံလေတပ်ဦးစီးချုပ် များအား လက်ခံတွေ့ဆုံ၊ |
| ၅။ | အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး 20th ASEAN Air Chiefs Conference (20th AACC) အား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့ ၊ |
| ၆။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံ တွေ့ဆုံ၊ |
| ၇။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအား လက်ခံ တွေ့ဆုံ၊ |
| ၈။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ၊ |
| ၉။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆော်ဒီအာရေဗျ နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ၊ |

| | |
|---|---|
| ၁၀။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ ကို လက်ခံတွေ့ဆုံ၊ |
| ၁၁။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖယ်ဒရေးရှင်းနိုင်ငံသို့သွားရောက်ခဲ့ခြင်း၊ |
| ၁၂။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့ တို့ ဦးဆောင်၍ မြန်မာ-ရုရှား နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပ၊ |
| ၁၃။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး၊ |
| ၁၄။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ၊ |
| ၁၅။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံး ယာယီတာဝန်ခံ ကို လက်ခံတွေ့ဆုံ၊ |
| ၁၆။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ၊ |
| ၁၇။ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိခဲ့ပြီး၊ ပြန်လည်လက်ခံနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု၊ |
| ၁၈။ | (၈) ကြိမ်မြောက် ဗုဒ္ဓထိပ်သီး ညီလာခံ (The Eight Buddhist Summit) နှင့် နာလန္ဒာ မဟာဝိဟာရ ဗုဒ္ဓတက္ကသိုလ် (Nalanda Mahavihara) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်း၊ |
| ၁၉။ | တရုတ်နိုင်ငံသားများနှင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာ Visa on Arrival (VOA) ထုတ်ပေးလျက်ရှိခြင်း၊ |
| ၂၀။ | သံတမန်နိုင်ငံကူးနှင့်အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် နိုင်ငံ ၄ နိုင်ငံအား ဗီဇာ ကင်းလွတ်ခွင့် ထပ်မံခွင့်ပြုသည့်ကိစ္စ၊ |
| ၂၁။ | မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၅ လတာအတွင်း အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ ကျော်ရှိခဲ့၊ |
| ၂၂။ | ပြည်ပဈေးကွက်၌ ပျားရည်တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀၀ ထိ ဈေးကောင်းရနေသဖြင့် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်လာ၊ |
| ၂၃။ | ကုန်ထုတ်လုပ်မှုကဏ္ဍမှ ပို့ကုန်တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်လွန်ခဲ့၊ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

၂၀၁၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်၊ ရန်အောင်မြင်ကိုးဝိုင်း၊ အကွက်အမှတ် (၁၃) အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၀၄ မိုင် ၁ ဖာလုံမှ မာရဝိဇယဘုရားအဝင် လမ်းဝဲယာ၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့ပါသည်။

ဦးစွာအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၁၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ သစ်ပင်များကို တစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး၊ ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင် သစ်တောစိုက်ခင်း များအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်လျက် ရှိကြောင်း သိရှိရပါသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင် တည်း စိုက်ပျိုးပေးခဲ့ကြပါသည်။

ယခုကျင်းပပြုလုပ်သည့် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ ကျွန်း၊ ပိတောက် စသည့် သစ်မျိုးများ အပါအဝင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။ သစ်ပင်များကို တစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တော စိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်ခဲ့ပါသည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Dr. Md. Monwar Hossain သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့ နံနက် (၁၀၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့ပါသည်။

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည် ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ် ဒေသ၌ တရားမဝင် ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများ မရှိစေရေး နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက် ရေးကိစ္စရပ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ ကိစ္စရပ် များ၊ ဒေသတည်ငြိမ်ရေးအတွက် ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ဆိုင်ကလုန်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု များနှင့် မြန်မာနိုင်ငံ လက်ရှိနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်နေမှုများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။








# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ ပြီးစီးခဲ့သည့် အကြိမ် (၂၀) မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ ညီလာခံ 20th AACC သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထို့သို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာ့တပ်မတော်(လေ)နှင့် ထိုင်းဘုရင့် လေတပ်အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာ-ထိုင်း တပ်မတော် နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (HLC) နှင့် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး (RBC) ကိုနှစ်စဉ်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များ လည်ပတ်ရေး ဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အာဆီယံ လေတပ်ဦးစီးချုပ်များအား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသည့် အကြိမ် (၂၀) မြောက် အာဆီယံ လေတပ် ဦးစီးချုပ်များညီလာခံ 20th AACC သို့ တက်ရောက်ခဲ့သည့် အာဆီယံလေတပ် ဦးစီးချုပ်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ် ချမှတ်၍ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်၊ အမျိုးသား ရေး ရည်မှန်းချက် (၂)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စမ်းသပ်ကောက်ယူမှု အခြေအနေနှင့် ၁၀ နှစ်တစ်ကြိမ် ဆောင်ရွက်ရမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်နေမှုများ၊ လွတ်လပ်ပြီး တရားမျှတသော (Free and Fair) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင် ရေးအတွက် ကြိုတင်ပြင်ဆင်မှု ဆောင်ရွက်နေသည့် အခြေအနေများ၊ အာဆီယံတပ်မတော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဦးစွာဆွေးနွေးပြောကြားပြီး အကြိမ်(၂၀)မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး ကျင်းပပြုလုပ်နိုင်ခဲ့မှုအပေါ် အောင်မြင်ပြီးမြောက်ခဲ့မှု အခြေအနေများကို သုံးသပ်ဆွေးနွေးသည်။



## အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး 20th ASEAN Air Chiefs Conference (20th AACC) အား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး 20th ASEAN Air Chiefs Conference (20th AACC) ကို စက်တင်ဘာလ ၁၃ ရက်နေ့က နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (MICC) ၌ ကျင်းပပြုလုပ်ခဲ့ရာ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ လေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များပါဝင်တက်ရောက်ခဲ့ကြပါသည်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် က အစည်းအဝေးသို့ တက်ရောက်လာသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ လေတပ်ဦးစီးချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား အဆိုပါနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ တစ်နိုင်ငံချင်းစီ လက်ခံတွေ့ဆုံ၍ အာဆီယံလေတပ်ဖွဲ့များအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ လေတပ်ဦးစီးချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များသည်လည်း သီးခြားတွေ့ဆုံ ဆွေးနွေးမှုများ အပြန်အလှန် ပြုလုပ်ခဲ့ကြသည်။





## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့ နံနက် (၁၀၃၀ ) နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည် ရင်းနှီးသော ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ ပညာရေးနှင့် သတင်းအချက် အလက် နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို ပိုမိုနီးကပ်စွာ ဆက်လက် အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် နှစ်ဖက်ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး အပါအဝင် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံနှင့် ကုလသမဂ္ဂအပါအဝင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအား လက်ခံတွေ့ဆုံ၊

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ နံနက် (၁၀း၃၀ ) နာရီတွင် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajiid အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA) ၏ အကြီးအကဲ Under-Secretary – General Mr. Martin Griffiths ၏ ဩဂုတ်လအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်နောက်ပိုင်း မြန်မာအစိုးရ၊ ကုလသမဂ္ဂနှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။


တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး၊ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီ ညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan လည်း တက်ရောက်ဆွေးနွေးခဲ့ပါသည်။



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ၊

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့ မွန်းလွဲ (၁၃၀၀ ) နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး အဖြစ် ခန့်အပ်တာဝန် ပေးအပ်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး၊ မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှု အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်၊ နေ့လည် ၁၅:၃၀ နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာအု(ဒ်) ဘင် အဗ္ဗဒူ(လ်)လာ အယ်လ်စုဘေးအိ အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အလုပ်သမား၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစရှိသောကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံမှုပေးရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ ကို လက်ခံတွေ့ဆုံ၊

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့ နံနက် (၁၀း၃၀ ) နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ- ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည် ရင်းနှီးမှု ပိုမို တိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အလုပ်သမား အစရှိသော ကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား သဘော တူညီချက်များ အကောင်အထည်ဖော်သွားရေးနှင့် လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူ စာချုပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အထူးသဖြင့် အာဆီယံ-အာရပ်ပင်လယ်ကွေ့နှင့် ကုလသမဂ္ဂ မူဘောင်အောက်မှ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖယ်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့ခြင်း၊

ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ၁၂-၉-၂၀၂၃ ရက်မှ ၁၄-၉-၂၀၂၃ ရက်အထိ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ပါသည်။

၁၄-၉-၂၀၂၃ ရက်တွင် မြန်မာ-ရုရှား နှစ်နိုင်ငံ ဆွေးနွေးပွဲကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ ဆွေးနွေးပွဲကို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့ တို့က ပူးတွဲဦးဆောင်ကျင်းပခဲ့ကြပါသည်။

ဆွေးနွေးပွဲ၌ မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်၊ စက်မှု၊ ပညာရေး၊ ပြန်ကြားရေး အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြပြီး၊ နှစ်နိုင်ငံအကြား ကာလရှည်ကြာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် ဆောင်ရွက်ဆဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်စေရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ က နှစ်နိုင်ငံနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂ၌ မြန်မာနိုင်ငံအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မူအရ ရပ်တည်ချက်၊ နားလည်မှုနှင့် ခိုင်မာစွာ ထောက်ခံမှုများအပေါ် မြန်မာနိုင်ငံအနေဖြင့် လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ရုရှားနိုင်ငံမှ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကိုဗစ် ကာကွယ်ဆေးများ လှူဒါန်းခဲ့ခြင်းနှင့် ၉-၉-၂၀၂၃ ရက်တွင် မိုခါဆိုင်ကလုန်းသင့် ပြည်သူများ


အတွက် လူသားချင်းစာနာမှု အကူအညီများကို ပေးပို့ခဲ့ခြင်းတို့အတွက် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စားလှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး သည် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ နေ့လယ်စာစားပွဲ၌ သက်ဆိုင်ရာ နိုင်ငံများ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်ဖက်စိတ်ဝင်စားမှုရှိသည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့ တို့ဦးဆောင်၍ မြန်မာ-ရုရှား နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပ

ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့၏ ဖိတ်ကြားချက်အရ ရုရှားဖယ်ဒရေးရှင်း နိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်လျက်ရှိသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် စက်တင်ဘာလ ၁၄ ရက်တွင် ရုရှား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့ နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံ ဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲ၌ မြန်မာ-ရုရှား နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့၌ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု ၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်၊ စက်မှု၊ ပညာရေး၊ ပြန်ကြားရေး အစရှိ သည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထား ဆွေးနွေးခဲ့ကြပြီး၊ နှစ်နိုင်ငံ အကြား ကာလရှည်ကြာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် ဆောင်ရွက် ဆဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ၊ အရှိန်အဟုန်ဖြင့် တိုးတက်စေရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။





## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယ်နိခ်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ် သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယ်နိခ်အား ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေးနှင့် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုနှင့် တန်းတူရည်တူရှိမှုတို့ကို အခြေခံကာ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယ်နိခ် တို့က ပူးတွဲ ဦးဆောင်ကျင်းပခဲ့ကြသည်။

ဆွေးနွေးပွဲ၌ နှစ်နိုင်ငံအကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ဆောင်ရွက်ဆဲ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို အရှိန်အဟုန် မြှင့်ဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲများ ကျင်းပသွားရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် ပြည်သူ အချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့မြှင့်တင်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။





# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူး ကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်းအား ၁၈-၉-၂၀၂၃ ရက်၊ (၁၀၃၀) နာရီတွင် နေပြည် တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြောင်း သိရှိရပါသည်။



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံး ယာယီတာဝန်ခံကို လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့ မွန်းလွဲပိုင်းတွင် ကာတာသံရုံး ယာယီတာဝန်ခံ ဒေါက်တာ ရာရှစ် အက်ဘ်ဒူလာ အမ် အေ အယ်လ်-ကူဝါရီ အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး စသည့် ကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုး ရန်ရှိသည့် သဘောတူစာချုပ်များကို ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဖော်ဆောင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ် အကောင် အထည်ဖော်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အထူးသဖြင့် အာဆီယံ-အာရပ် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် ကုလသမဂ္ဂ မူဘောင်တို့အောက်မှ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေးမာသာအား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ ၁၃၀၀ နာရီချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုများရုံးတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။



**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိခဲ့ပြီး၊ ပြန်လည်လက်ခံနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှု၊**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် ရန်ကုန်မြို့အခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ၂-၉-၂၀၂၃ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ တပ်မတော် ရဟတ်ယာဉ် များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေး စခန်းသို့ ရောက်ရှိကြရာ စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများမှ စခန်းအတွင်း ပြန်လည်လက်ခံ နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြန်လည်လက်ခံရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုအပ်သည်များ ဖြည့်စွက် မှာကြားကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြန်လည်ဝင်ရောက်လာမည့် နေရပ် စွန့်ခွာသူများအား ပြန်လည်နေရာချထားမည့် ကြိမ်ချောင်း (တောင်) ကျေးရွာသို့ ဆက်လက် ထွက်ခွာခဲ့ကြပြီး ကြိမ်ချောင်း(တောင်) ကျေးရွာရှိ နေရပ်စွန့်ခွာသူများအတွက် စီမံ ဆောင်ရွက် ထားသည့် အသင့်ဆောက်လုပ်ပြီး နေအိမ်များနှင့် မြေကွက်များကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ဆက်လက်ထွက်ခွာကြရာ လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ ရောက်ရှိကြပြီး ပြန်လည်ဝင်ရောက်လာမည့်သူများအား လှဖိုးခေါင် ယာယီနေရာချထားရေး စခန်းတွင် ခေတ္တနေထိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြား ခဲ့ပြီး စခန်းအတွင်း ပြန်လည်လက်ခံရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို လိုက်လံ ကြည့်ရှုကြသည်။





## (၈) ကြိမ်မြောက် ဗုဒ္ဓထိပ်သီး ညီလာခံ (The Eight Buddhist Summit) နှင့် နာလန္ဒာ မဟာဝိဟာရ ဗုဒ္ဓတက္ကသိုလ် (Nalanda Mahavihara) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်း၊

ဂျပန်နိုင်ငံ၊ Kato City ရှိ Nenbutsushu Sampozan Muryojuji Temple မှ ဦးဆောင်ကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် ဗုဒ္ဓထိပ်သီး ညီလာခံ (The Eight Buddhist Summit) နှင့် နာလန္ဒာ မဟာဝိဟာရ ဗုဒ္ဓတက္ကသိုလ် (Nalanda Mahavihara) ဖွင့်ပွဲ အခမ်းအနားတို့အား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့မှ (၁၅) ရက်နေ့အထိ အဆိုပါ ကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

သံအမတ်ကြီး ဦးစိုးဟန် သည် ၁၃-၉-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် Nenbutsushu Sampozan Muryojuji Temple ၌ ကျင်းပပြုလုပ်သည့် နာလန္ဒာ မဟာဝိဟာရ ဗုဒ္ဓတက္ကသိုလ် Nalanda Mahavihara ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် သံအမတ်ကြီးသည် နိုင်ငံပေါင်း (၁၄) နိုင်ငံမှ သံရုံးအကြီးအကဲများ၊ သံရုံးကိုယ်စားလှယ်များ၊ Nenbutsushu Sampozan Muryojuji Temple မှ ဆရာတော်ကြီးများနှင့်အတူ နာလန္ဒာ မဟာဝိဟာရ ဗုဒ္ဓတက္ကသိုလ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ အဓိကဧည့်သည်တော်အဖြစ် ထိုင်းနိုင်ငံ အိမ်ရှေ့မင်းသမီး မဟာချက်ကရီ သီရိဒ္ဒ တက်ရောက်ခဲ့ပါသည်။

သံအမတ်ကြီး ဦးစိုးဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၄-၉-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် The Royal Grand Hall of Buddhism တွင် ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် ဗုဒ္ဓထိပ်သီးညီလာခံ (The Eight Buddhist Summit) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံပေါင်း (၃၂) နိုင်ငံမှ ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာအဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံအခြေစိုက် သံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ သံရုံးကိုယ်စားလှယ်များ အဖွဲ့ဝင် များနှင့်အတူ တက်ရောက်ခဲ့ပါသည်။ အဆိုပါ (၈) ကြိမ်မြောက် ဗုဒ္ဓ

ထိပ်သီးညီလာခံ (The Eight Buddhist Summit) ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့၊ အကျိုးတော်ဆောင် ဆရာတော်၊ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ ရှမ်းပြည်နယ် ဗုဒ္ဓ တက္ကသိုလ်(တောင်ကြီး)၊ ပါမောက္ခချုပ်ဆရာတော်၊ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိ (အောက်စဖို့ဒ် ဆရာတော်)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။




ပုံ (၁) (၈) ကြိမ်မြောက် ဗုဒ္ဓထိပ်သီးညီလာခံ (The Eight Buddhist Summit) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်ခြင်း၊




ပုံ (၂) မြန်မာနိုင်ငံမှ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ အကျိုးတော်ဆောင် ဆရာတော်၊ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်(တောင်ကြီး)၊ ပါမောက္ခချုပ် ဆရာတော်၊ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိ (အောက်စဖို့ဒ် ဆရာတော်) နှင့် သက်ဆိုင်ရာနိုင်ငံ အသီးသီးမှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ ဗုဒ္ဓဘာသာဆိုင်ရာ မျက်နှာစုံညီအစည်းအဝေး ကျင်းပ ခဲ့ခြင်း၊



ပုံ (၃) သံအမတ်ကြီး ဦးစိုးဟန်က သံရုံးအကြီးအကဲများ၊ သံရုံးကိုယ်စားလှယ် များနှင့်အတူ နာလန္ဒာ မဟာဝိဟာရ ဗုဒ္ဓတက္ကသိုလ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခြင်း၊

# တရုတ်နိုင်ငံသားများနှင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာ Visa on Arrival (VOA) ထုတ်ပေးလျက်ရှိခြင်း

မြန်မာနိုင်ငံသို့ လေကြောင်းဖြင့် လာရောက်မည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ကမ္ဘာလှည့် ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာ Visa on Arrival (VOA) ကို စမ်းသပ်ကာလ (၁)နှစ် သတ်မှတ်ကာ ၃၀-၈-၂၀၂၃ ရက်နေ့မှ စတင် ထုတ်ပေးလျက်ရှိပါသည်။

အဆိုပါ ၂ နိုင်ငံမှ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် ဆိုက်ရောက်ဗီဇာ Visa on Arrival ကို လျှောက်ထားနိုင်ကြောင်း၊ လျှောက်လွှာနှင့်အတူ (၆) လ အတွင်း ရိုက်ကူးထားသည့် ပတ်စပို့စ်အရွယ် ကာလာ ဓာတ်ပုံ (၂) ပုံ ပူးတွဲ လျှောက်ထားရန်နှင့် ဆိုက်ရောက်ဗီဇာ လက်ခံရရှိပါက ဗီဇာကြေး ဒေါ်လာ (၅၀) ပေးဆောင်ရမည် ဖြစ်ပါသည်။

လက်ရှိကာလတွင် Visa on Arrival ကို ကမ္ဘာလှည့် ခရီးသွားများအတွက်သာ ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း၊ လျှောက်ထားသူ ခရီးသွားများအနေဖြင့် ကိုင်ဆောင်ထားသည့် ပတ်စပို့စ် သည် အနည်းဆုံး (၆) လ သက်တမ်းရှိရမည်ဖြစ်ပါသည်။

လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာရမည် ဖြစ်ကြောင်း၊ နယ်မြေဒေသလုံခြုံရေး အခြေအနေအရ မြန်မာနိုင်ငံအတွင်း တားမြစ်နယ်မြေများသို့ ခရီးသွားလာခြင်းအား လိုက်နာရှောင်ကြဉ် ရမည်ဖြစ်ပါသည်။

# သံတမန်နိုင်ငံကူးနှင့်အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် နိုင်ငံ ၄ နိုင်ငံအား ဗီဇာကင်းလွတ်ခွင့် ထပ်မံခွင့်ပြုသည့်ကိစ္စ

မြန်မာအစိုးရသည် နိုင်ငံ ၄ နိုင်ငံမှ သံတမန်နိုင်ငံကူးနှင့် အထူးနိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်အား နိုင်ငံ ၄ နိုင်ငံကို ထပ်မံခွင့်ပြုခဲ့ပါသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ နီပေါနိုင်ငံတို့မှ သံတမန်နှင့် အထူးနိုင်ငံကူး လက်မှတ် ကိုင်ဆောင်သူများအားလည်းကောင်း၊ ဂျပန်နိုင်ငံမှ သံတမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအားလည်းကောင်း၊ ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုလိုက်ကြောင်း၊ မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ အပြန်အလှန် သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်အား နိုင်ငံအလိုက် ရက် (၃၀) မှ ရက်(၉၀) အထိ သတ်မှတ်ခွင့်ပြုထားပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အား ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ အာဆီယံနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံအား နှစ်နိုင်ငံ အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် ပေးခဲ့ပါကြောင်း၊ နိုင်ငံပေါင်း ၂၄ နိုင်ငံစာရင်းတွင် နိုင်ငံအသစ်များအဖြစ် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ နီပေါနိုင်ငံနှင့် ဂျပန်နိုင်ငံ (၄) နိုင်ငံတို့ပါဝင်လာပြီး ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ တရုတ်၊ ကိုလံဘီယာ၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ မွန်ဂိုလီးယား၊ ရုရှား၊ ဆားဗီးယား၊ သီရိလင်္ကာ နှင့် အာဆီယံနိုင်ငံ(၉) နိုင်ငံတို့ပါဝင်လာပါကြောင်း၊ ဗီဇာကင်းလွတ်ခွင့် အစီအစဉ်ကြောင့် သံတမန်ဆက်ဆံရေး ပိုမိုအားကောင်းလာစေရန်နှင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံတို့အကြား ခရီးသွားလာမှုဆိုင်ရာ Tourism ကဏ္ဍ တိုးမြှင့်ရန် ရည်ရွယ်ကြောင်း ဖော်ပြပါရှိပါသည်။

# မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ပမာဏမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၅ လ တာအတွင်း အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံ ကျော်ရှိခဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအထိ ၅ လတာကာလတွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော်ရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရပါသည်။

၂၀၂၃ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ၅ လတာအတွင်း ပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၆.၄၈၄ ဘီလီယံရှိခဲ့ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၇.၂၁၃ ဘီလီယံ ရှိခဲ့ပါသည်။ ပင်လယ် ရေကြောင်းကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၉.၅၈၇ ဘီလီယံရှိခဲ့ပြီး နယ်စပ် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၄.၁ ဘီလီယံရှိခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက် ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောများကို တင်ပို့လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန် ပစ္စည်းများ နှင့် CMP ကုန်ကြမ်းပစ္စည်းများကို တင်သွင်းလျက် ရှိပါသည်။



# ပြည်ပဈေးကွက်၌ ပျားရည်တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀၀ ထိ ဈေးကောင်းရနေသဖြင့် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်လာ

ပြည်ပဈေးကွက်၌ မြန်မာ့ပျားရည်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ထိ ဈေးကောင်းရနေသဖြင့် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်လာကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရှိ ရပါသည်။

ထိုသို့ မြန်မာ့ပျားရည် ပြည်ပဈေးကွက်၌ ဈေးကောင်းရရှိနေသည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာပြီး ယခင် ဘဏ္ဍာနှစ်က ပုဂ္ဂလိကပျား မွေးမြူရေးလုပ်ငန်း ၈၂၀ ကျော်ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်း (၁၃၀) ကျော်တိုးချဲ့လုပ်ကိုင်လာသဖြင့် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်း (၉၅၀) ကျော် ရှိလာကြောင်း သိရှိရသည်။

မြန်မာ့ပျားရည်သည် ပြည်ပဈေးကွက်၌ အရည်အသွေးကောင်းမွန်မှုကြောင့် အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ကနေဒါနိုင်ငံနှင့် အာဆီယံဒေသတွင်း နိုင်ငံများတွင် ဈေးကွက်နေရာများရရှိထားပြီး ဖြစ်ကြောင်း၊ ပြည်ပဈေးကွက်တွင်လည်း ပျားရည် တစ်တန်လျှင် အမျိုးအစားအလိုက် အမေရိကန် ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ ထိ ဈေးရရှိနေပြီး တစ်နှစ်လျှင် ပြည်ပသို့ ပျားရည်တန်ချိန် ၃၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရှိရသည်။



# ကုန်ထုတ်လုပ်မှုကဏ္ဍမှ ပို့ကုန်တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်လွန်ခဲ့

မြန်မာနိုင်ငံ၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဩဂုတ်လ ၂၅ ရက်နေ့အထိ ကုန်ထုတ်လုပ်မှုကဏ္ဍမှ ပို့ကုန်တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃.၈၅ ဘီလီယံ ရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ သိရှိရပါသည်။

ပုဂ္ဂလိကကဏ္ဍမှ ပို့ကုန်တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂.၅၁ ဘီလီယံ ရှိခဲ့ပြီး၊ အစိုးရကဏ္ဍမှ ပို့ကုန်တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၃၄ ဘီလီယံ ရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ချုပ်လုပ်ခြင်း (Cutting)၊ လိုအပ်သော အထည်ကို ပြုလုပ်ခြင်း (Making) နှင့် ထုပ်ပိုးခြင်း (Packaging) စနစ်ကို အခြေခံသည့် အဝတ်အထည်နှင့် အထည်အလိပ် ထုတ်လုပ်မှုများကို အဓိကအားဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

CMP ချုပ်ပြီး အထည်များသည် မြန်မာနိုင်ငံမှ ပြည်ပသို့ အဓိက တင်ပို့သည့် ကုန်စည်ဖြစ်ပြီး၊ ဒုတိယအများဆုံးတင်ပို့လျက်ရှိသည့် ကုန်စည်မှာ သဘာဝဓာတ်ငွေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ အများဆုံးတင်သွင်းသည့် ကုန်စည်မှာ ရေနံထွက်ပစ္စည်း ဖြစ်ပြီး၊ အဝတ်အထည်နှင့် အထည်အလိပ်ဆိုင်ရာ ကုန်ကြမ်းများကို ဒုတိယအများဆုံး တင်သွင်းလျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး ထွက်ကုန်များ၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သယံဇာတနှင့် သစ်တောထွက် ပစ္စည်းများကိုလည်း ပြည်ပသို့ တင်ပို့လျက် ရှိပါသည်။ ပို့ကုန်တင်ပို့သည့် ကဏ္ဍများအနက် ကုန်ထုတ်လုပ်မှုကဏ္ဍသည် ပို့ကုန်ဝင်ငွေအများဆုံး ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည့် ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။